အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
**NATIONAL LEAGUE FOR DEMOCRACY (LIBERATED AREA)**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ နအဖ ၏ ၂၀၁၀ ခုနှစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအပေါ် သဘောထားထုတ်ကြေညာချက်

၁။ ၂၀၁၀ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် နအဖ တို့က အောက်ပါ ဥပဒေများကို ထုတ်ပြန်ကြေညာခဲ့ပြီး လူထုအား တနေ့လျင် ဥပဒေ တစ်ခုစီထုတ်ပြန်ကြေညာခဲ့သည်။

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ
(၂) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ
(၃) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ
(၄) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ
(၅) တိုင်းနှင့်ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေ

၂။ နအဖတို့၏ အထက်ပါ ဥပဒေများကို လေ့လာကြည့်ရာတွင်
**– နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်စပ်လျဉ်း၍**

– ဥပဒေအပိုဒ် (၄) (ဂ) နှင့် အပိုဒ် (၁၀) (ဂ) တို့အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲကော်မရှင်၌ မှတ်ပုံတင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအရ အကျဉ်းကျနေသူ အဖွဲ့ချုပ် အဖွဲ့ဝင် (၄၀၀) ကျော်ကို ပါတီမှ ထုတ်ပယ်ပစ်ရမည် ဖြစ်နေသည်။

ဤကိစ္စနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က သတင်းဌာန တစ်ခုနှင့် တွေ့ဆုံမေးမြန်းရာတွင် **“အခု မှတ်ပုံတင် ဥပဒေအရ ကြည့်မယ်ဆိုရင် ကန့်သတ် ချုပ်ချယ်မှုတွေက အများကြီးပဲ။ အထူးသဖြင့်ကတော့ ထောင်ကျနေတဲ့လူများနဲ့ ပတ်သက်တဲ့ဟာ ပါလာတဲ့အတွက် ဒီတချက်တည်း နဲ့ကို ကျနော်တို့မှာ ခက်ခဲတဲ့အနေအထားမှာ ရှိပါတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ ကိုယ်တိုင်က ထောင်ကျနေတဲ့ သူတွေကို ပါတီတာဝန် ထမ်းဆောင်နေတယ်လို့ သဘောထားပြီးတော့ ဗဟိုကော်မတီ ဖွဲ့တဲ့အခါ ထည့်သွင်း ဖွဲ့စည်း ထားတယ်။ နောက်တခါ ကျနော်တို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကလည်း ထောင်ကျနေတယ်။ ဒါပေမယ့် စီအီးစီ ထဲမှာ ထည့်သွင်းသတ်မှတ်ထားတယ်။ အခု ဥပဒေအရဆို ဒီပုဂ္ဂိုလ်များကို ထည့်သွင်း ထားမယ်ဆိုရင် တောင်မှ ကျနော်တို့ရဲ့ ပါတီရပ်တည်ရေးကို မပေးဘူးဆိုတဲ့ သဘောမျိုး ဆောင်နေပါတယ်။”** ဟု ထုတ်ဖေါ် ပြောဆိုသည်။

၃။ – ယင်းဥပဒေပုဒ်မ (၆) (ဂ) အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီများသည် နအဖ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်မည်ဖြစ်ကြောင်း ခံဝန်ကတိလက်မှတ်ရေးထိုးရမည်ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က
**“XXX ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ကျနော်တို့က ဒီမိုကရေစီစံနှုန်းများနဲ့ မကိုက်ညီတဲ့ အချက်အလက်ပေါင်းများစွာ ပါဝင်နေတဲ့အတွက် ကျနော်တို့ လက်မခံနိုင်ဘူး၊ ပြင်ဆင်ပေးဖို့ ရွှေဂုံတိုင် ကြေညာစာတမ်းမှာ တောင်းဆိုထားတယ်။ အခုတခါ ပါတီမှတ်ပုံတင်မယ်ဆိုရင် ကျနော်တို့က ဒီအခြေခံဥပဒေတခုလုံးကို ကာကွယ်စောင့်ရှောက် ပါမယ်လို့ ပြောရတဲ့အခါ ကျနော်တို့မယုံကြည်တဲ့ ဒီဥပဒေကို ဘယ်လိုမှ ကာကွယ် စောင့်ရှောက်နိုင်စရာ အကြောင်းမရှိဘူး”**
ဟူ၍လည်းကောင်း ။

၄။ နအဖ၏ ဥပဒေများနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းမှူး ဒေါ်အောင်ဆန်းစုကြည် ကလည်း– *(ဦးဉာဏ်ဝင်းမှ သတင်းဌာနများသို့ပြောကြားချက်အရ)*

**“တစုံတယောက်၊ ပုဂ္ဂိုလ်တဦးတယောက်ကို ရည်ရွယ်ပြီး ရေးသားတယ်လို့ ထင်မြင်စရာ ပေါ်နေတယ်။ အဲဒီလို ထင်မြင်ချက် ပေါ်တာကိုက မကောင်းဘူး။ ဒါဟာ တဦးတယောက်အတွက် ဥပဒေ မဖြစ်သင့်ဘူး။ ဥပဒေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်။ ရှက်ဖို့ကောင်းတယ်။”** ဟူ၍လည်းကောင်း။

“ဒီဥပဒေတွေကတော့ တဖက်သတ် ရေးထားတဲ့ ဥပဒေတွေပဲတဲ့။ မျှတမှု မရှိဘူး၊ သူတို့လိုချင်တဲ့ ဟာကိုလည်း သူတို့က ပွင့်ပွင့်လင်းလင်း ပြောင်ပြောင်တင်းတင်းပဲ ရေးထားတော့ ဒါလည်း တမျိုးတော့ ကောင်းပါတယ်တဲ့။ ပြည်သူလူထုက သူတို့သဘောထားကို အလွယ်တကူ သိရတာပဲလို့ ” ဟူ၍လည်းကောင်း။ ဟုသုံးသပ်လိုက်ပြီး

“ ဒီဥပဒေတွေက အဖွဲ့ချုပ် အတွက်ရော၊ အားလုံးအတွက်ပါ တကယ့် စိန်ခေါ်မှုတွေပဲ။ အဲဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ ညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်ကြဖို့ လိုတယ်။ ပြည်သူလူထုကလည်း ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့၊ စိန်ခေါ်မှုတွေကို ကျော်ဖြတ်နိုင်ဖို့ ညီညွတ်ဖို့၊ စိတ်ဓာတ်ခွန်အားတွေ ရှိဖို့ လိုတယ် **XXX** ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့၊ ကျော်ဖြတ်ဖို့၊ ကျော်လွှန်ဖို့၊ အောင်မြင်ဖို့ဟာ ပိုပြီးတော့ ညီညွတ်မှု ရှိရှိနဲ့ ဆောင်ရွက်ဖို့ စိတ်ဓာတ်တွေကို ဖြစ်ပေါ်စေတယ်တဲ့။” ဟူ၍လည်းကောင်း ပြောဆိုလိုက်သည်။

၅။ အဆိုးရွားဆုံးမှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အပိုဒ် (၉၁) (ခ) တွင် **XXX** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျော ညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်များသည် အလိုအလျောက်ပျက်သည်ဟု ဆိုပြီး ပြည်သူ တရပ်လုံး၏ ဆန္ဒသဘောထားဖြစ်သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အလွယ်တကူ ဖျက်သိမ်းလိုက်ခြင်းသည် လုံးဝ မလုပ်သင့် မလုပ်ထိုက်သော လုပ်ရပ်ကို ဂုဏ်သိက္ခာမဲ့စွာ လုပ်ဆောင်လိုက်ခြင်းပင် ဖြစ်ပေသည်။

၆။ သို့ဖြစ်ပါ၍ နအဖ တို့ထုတ်ပြန်သော ဥပဒေများသည် –

(၁) ပြည်သူလူထုတရပ်လုံး၏ ဆန္ဒသဘောထားကို လုံးဝဆန့်ကျင် မျက်ကွယ်ပြုလိုက်ပြီး စစ်ခေါင်းဆောင်များ အာဏာတည်မြဲရေးအတွက် အတင်းအဓမ္မ၊ အနိုင်အကျင့်ပြု ဆောင်ရွက်သွားမည်ကို တိတိလင်းလင်း ဖေါ်ထုတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်တွင် ဖေါ်ပြတောင်းဆိုထားခဲ့သော တောင်းဆိုချက်များကိုလည်း လုံးဝ ပစ်ပယ်လိုက်သည့်အပြင် အဖွဲ့ချုပ် ရပ်တည်ရေးကိုပင် စိန်ခေါ်လိုက်ခြင်း ဖြစ်ပေသည်။

(၃) ကမ္ဘာ့ကုလ သမဂ္ဂနှင့် နိုင်ငံတကာမိသားစုများမှ တောင်းဆိုထားသော ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရေးနှင့် ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရေးတို့ကို ဆန့်ကျင် ဥပေက္ခာပြုလိုက်ခြင်းဖြစ်ပေသည်။

၇။ ထို့ကြောင့်မိမိတို့အနေဖြင့်

(၁) ဤထုတ်ပြန်ပြီးသော ဥပဒေများကို မတရားသော ဥပဒေများအဖြစ် သတ်မှတ်ပြီး ဆန့်ကျင်သွားမည်ဖြစ်သည်။

(၂) ဤဥပဒေများအရ ဆောင်ရွက်ပြုလုပ်သော ရွေးကောက်ပွဲများသည် လွတ်လပ်၍ တရားမျှ တသော ရွေးကောက်ပွဲ လုံးဝ မဖြစ်နိုင်ကြောင်းသုံးသပ်လိုက်ပြီး ဆန့်ကျင်သွားမည်ဖြစ်သည်။

(၃) စစ်အာဏာရှင်တစုအား မြန်မာပြည်တွင် အမြန်ဆုံး အဆုံးသတ်စေရေးအတွက် မဟာမိတ် ဒီမိုကရက်တစ် အင်အားစုများ၊ တိုင်းရင်းသား အင်အားစုများနှင့် လည်းကောင်း၊ ပြည်သူလူထုကြီးနှင့် လည်ကောင်း စည်းလုံးညီညွတ်စွာ လက်တွဲလျက် တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ လိုက်သည်။

“အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ”
“အရေးတော်ပုံအောင်ရမည်”

ဗဟိုကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ရက်စွဲ ။ ။ ၂၀၁၀ ခုနှစ်၊ မတ်လ (၁၂) ရက်

ဆက်သွယ်ရန် (၀၈၄ ၃၂၃ ၅၆၇၁ ၊ ၀၈၆ ၁၉၄ ၆၇၁၁)